

# ဒီဇင်ဘာရဲ့ ၂၀၀၈

'မထူးဘူးဆိုတဲ့ စကားမျိုးကလည်း
ပြောရပေါင်း များပါပြီ
တက်ခေါက်တာလည်း မနည်းပါဘူး
လက်ချိုး မတွက်နိုင်တော့
အိုဇါဇါဇါအခြေအနေ ဘယ်လိုဆိုတာတော့ မမေးနဲ့
ဆိုမလိုလို ပြန်လည် ဖုံးနေမယ်
ငိုမလိုလို ပြန်လည် ပြုံးနေမယ် .....'
အဲဒီနေ့ က ဆရာစိုင်းခမ်းလိတ် ရဲ့ 'မမေးနဲ့ 'သီချင်း ကို
ကိုယ့်အမိပွါယ်ဖွင့်ဆိုချက်နဲ့ ကိုယ် နားထောင်ဖြစ်တယ်

ဒီလိုနဲ့
၂၀၀၈ ခုနှစ်ကို
အမျိုးသားပြန်လည်သင့်မြတ်ရေးနှစ် အဖြစ်
သတ်မှတ်လုပ်ဆောင်ဖို့ တိုက်တွန်းထားတဲ့
NLD ရဲ့ ကြေညာချက်နဲ့ ဖွင့်လှစ်လိုက်တဲ့
သက္ကရာဇ် ၂၀၀၈ ဟာ
နေဝင်းသမီး လွတ်မြောက်လာတဲ့ သတင်းနဲ့
အဆုံးသတ်သွားတယ်

သောက်ကျိုးနဲရော လို့
နဖူး လက်ဖဝါးနဲ့ ရိုက်မိတယ်
ဗိုလ်ချုပ်သမီးချင်း မှား
နားကြားလွဲ မှားလွှတ်လိုက်သလားလို့
အလွန်အကျွံ အကောင်းမြင်ကြည့်တယ်

အကောင်းမြင်ဝါဒီတို့ရေ
ဟိုမှာလေ
စစ်အကျဉ်းထောင်ထဲမှာ
ဒို့ရဲဘော်တွေ
တပိုင်းသေတော့မလို
မျက်စေ့ကွယ်တော့မလို
ထောင်ဆေးရုံတွေပေါ်မှာ ဆိုလား

ဒီလို
မတန်တဆအရင်းအနှီးတွေ ပေးဆပ်
အနှစ်နာတွေ ခံနေတာတောင်
'မခေါ်ခင်က တော်ထူးချင်' သူတွေက
ဖင်တကြွကြွ

'သူမနာ ကိုယ်မနာ' လုပ်နေကြ တုံးရှိသေးရဲ့
သူတို့ အခုထိ မနာသေးဘူးပဲ

'ခလောက်သံကြားတိုင်းလည်း
ရွာရောက်ပြီထင်'
မျက်စိမှိတ်ပြီး ယုံချင်ကြတယ်
စည်းကမ်းရှိတဲ့ ဒီမိုကရေစီထူထောင်ဖို့တဲ့
စည်းမဲ့ကမ်းမဲ့ သတ်ဖြတ်တက်လာတဲ့
သူတွေက ပြောတယ်

ဥပဒေအထက်မှာ ဘယ်သူမှ မရှိရဘူး
ကျုပ်တို့က လွဲရင်

အဲဒါ လူ့ရွှင်တော် ပြက်လုံးမဟုတ်ဘူး
နိုင်ငံ့ခေါင်းဆောင်ဆိုသူတွေရဲ့ သမိုင်းဝင်စကားတွေ
ဒင်းတို့သာ အငြိမ့်ထောင်
စွပ်ပရား နဲ့ လေးမောင်
ထမင်းအိုးပေါင် ရလိမ့်မယ်
သေချာတယ်
အနှစ်နှစ်ဆယ်လုံးလုံး
သည်းခံနားထောင်ခဲ့ရ
နားထောင်ခဲ့ကြ

* 'မနီကဗျာလေးရေ'
တကယ်တော့ ဦးကြီးတို့ ပေါ့ရော့မှု အပြစ်တွေလည်းရှိရဲ့
ကြည့်ပျော်ရှုပျော် ခြယ်သမှုတွေနဲ့ ဖြတ်သန်းခဲ့ကြ
လူထုကြီးမှာ ပေရေနေတာ
ဦးကြီးတို့ သုတ်လိမ်းမှုတွေလည်း ပါတယ်ဆိုတာ
ငြင်းလို့မရ

'မနီကဗျာလေးရေ'
ရန်သူက ပြတ်သားလွန်း သလောက်
ဦးကြီးတို့ ဘက်က မပြတ်သားခဲ့တာ
တော်လှန်ရေး မပြီးပြတ်တဲ့
အကြောင်းတရား တရားခံပဲပေါ့ကွယ်
'သီတင်းကျွတ်မယ့်အရေး
တော်သတင်းတွေက ကန့်လန့်ခံ'
မင်းတို့လေးတွေကတော့ ခေတ်ရဲ့

ဓားစားခံ ဖြစ်ခဲ့ရပြီ

ဒီအခြေအနေတွေ ရောက်မှ
ဦး မပြောလားလို့ မဆိုရက်ပါဘူး
ဘယ်တော်လှန်ရေး သမိုင်းမှာမှ
မကြားဘူးခဲ့
သွေးရိုးသားရိုးကော ဟုတ်ရဲ့လားကွယ့်
ဖက်ဆစ်ကို မေတ္တာနဲ့ အသက်ဆက်တော့
ဦးတို့ ရလိုက်တာ
သံဃာ့သွေး ကျောင်းသားပြည်သူ့သွေး
ပြီးတော့
ဘုံးဘောလအော
ထောင်တန်းဈေး
တော်လှန်ရေး လုပ်မှာလား
လောကသာရပျို့ ရေးမှာလား
တခုခုတော့ ရွေးရလိမ့်မယ်

ယုန်ကလေးလည်း နာစေးနေတယ်
အရေးတော်ပုံကြီးလည်း နှစ်ပေါင်းနှစ်ဆယ်
ဘန်ကီမွန်းရေ
ကမ္ဘာမြေကြီး ပူနွေးလာတယ်လား
ဟုတ်ကဲ့
ဗမာပြည်ကြီး မီးဟုန်းဟုန်းတောက်နေတာ ကြာပေါ့

ဒီလိုနဲ့
'မြွေပူရာ ကင်းမှောက်'
စစ်ဖိနပ်အောက်
ပြားပြားမှောက်နေရ သူတွေကို
နာဂစ်က သံရေပူ
ကူလို့ လောင်းပြန်တယ်

ခြေမကိုင်မိ လက်မကိုင်မိ
ဖြစ်လာတဲ့အခါ
ပွဲတော်ရောက်မှ ဝတ်ကောင်းစားလှတွေနဲ့
ဝင်နွှဲတတ်တဲ့ သူတွေကို အားကိုးမရတဲ့ အခါ

'မဲဆောက်လေဆိပ်ကို လာကြည့်သွားတယ်
မဲဆောက်ဝေဟင်ထဲမှာ ဆင်းချီတက်ချီ ပျံလို့ ဝဲလို့'

'လပွတ္တာနဲ့ ကီလိုမီတာ ၁၀ နားမှာ ရောက်နေပြီ
အဲဒီ နောက်က ကီလိုမီတာ ၃၀မှာ
ပြင်သစ်သင်္ဘောကြီးက ထပ်ချပ်မကွာ
နောက်ရက်ပိုင်းဆို ဗမာ့ရေပိုင်နက်ထဲကို'

'ပင်လယ်ဝမှာ ရောက်နေပြီ
မြစ်ဝကျွန်းပေါ် နဲ့ နီးတဲ့ နေရာမှာ
ခုတ်မောင်းသွားတာ လှိုင်းတွေမှ ဖွေးကနဲ ဖွေးကနဲ'

ရင်ထဲ နွေးအောင်
ကြားလိုက်ရ
သူတို့ လာတော့ မှာပါလား
သူတို့ ကယ်တော့ မှာပါလား
မှန်ကန်ပါစေ ဒီသတင်း
မြန်ဆန်ပါစေ ဒီသတင်း
ရင်ခုန်ရင်းက အားမလိုအားမရ
ဘာလို့ ဒီလောက် နောက်ကျနေရတာလည်းဗျာ
ဝင်မှာ ဖြင့်လည်း ဝင်ပါ
ဒို့ပြည် ဒို့ရွာ ခုချက်ချင်း
လူသားအသက်တွေ မပျက်မယွင်း
မကြွေသင့်သူတွေ
မကြွေလွင့်ရအောင်
ကလေးတွေ အနာဂတ်
ရေတိမ် မနစ်သင့်ပဲ မနစ်ရအောင်

'မလင်းပြာ
ငါ အခုပဲ စစ်ထွက်တော့မယ်
မလင်းပြာ
ငါ ဗီယင်နမ်ကို သွားမယ်
အဲဒီမှာ
ရွှံ့ ရေညစ်ညစ်
သလုံးသားနစ်တဲ့ လယ်တရိုးမှာ
ပျိုးနုတ်နေသူ လုံမရဲ့
ကျောက ရိုင်ဖယ်ကိုယူ
ကျူးလာသူ လေယာဉ်မှန်သမျှ
ငါ စောင့်ပစ်ပေးရမယ်'

နှစ်သက်လွန်းလို့
အလွတ်တောင် ကျက်ထားမိတဲ့
မောင်သင်္ဂါရဲ့ 'မလင်းပြာသို့' ကဗျာ
အဲဒီအတောအတွင်းက ငါ
မေ့ပစ်ထားလိုက်တယ်

'နယ်ချဲ့ ဆန့် ကျင်သူတွေရယ်'
ဒီတခါတော့ဖြင့် ခွင့်လွှတ်ပါ
ဒီလိုမှ မလုပ်တော့ရင်
လွတ်လမ်း ကျွတ်လမ်းမမြင်
ဟိုးအရင်လို နယ်ချဲ့ ကျွန်ပြု

ဒီရာစုမှာ မရှိတော့ဘူးလို့
ပြောသူကလည်း ပြောတာမို့
ဒီတခါတော့ဖြင့် ခွင့်လွှတ်ပါ
ကျနော်တို့ အောင်ပွဲကလည်း ထပ်ချပ်မကွာ
အဲဒီ အနောက်မှာ မုချ ကပ်လို့ ပါလာမှာပါ
စောင့်လို့ သာ ကြည့်ပါ

အခိုက်အတန့် ပါပဲ
မျှော်လင့်ခြင်းတွေ ဝိုတဝါး ပြိုကွဲ
ဘယ်လိုဖြစ်သွားရတာလဲ
လာပါဝင်ပါ ကျူးကျော်ကြပါဗျာ လို့
ဖိတ်ခေါ်တာတောင်
ဒို့ ရေပိုင်နက်ထဲ ရောက်မှ
လှည့်ပြန်သွားပြီဆိုတဲ့ သတင်း

အဲဒီနေ့ က ဗမာပြည်ဟာ
ကျောရရှုံကြဲ ပစ်သွားခံရရှာတဲ့
အပျိုမတယောက်လို
ချောင်ထောင့်မှာ ကြိတ်ငိုတယ်

နာဂစ်ရယ်
မင်းကမှ ဟန်ရေးမကြွယ်
ဝင်မယ်ဆို တကယ်ဝင်ခဲ့သေးတယ်
စိစိညက်ညက်ကို ကြေရောပဲ

ကြုံလို့ ပြောတာပါ
'နာဂစ်' ဆိုတာ
ပါရှားစကား နာဂက်စ်ကနေ
ရင်းမြစ်ခံသတဲ့
အူရဒူဘာသာစကား
မြစ်ဥကနေ ပေါက်ဖွားလာတဲ့
ဒက်ဖဒီလ်(daffo dill)ခေါ်
အဝါရောင်ပန်းကလေးလို့ အဓိပ္ပါယ်ရသတဲ့
ဒီအဝါရောင်ပန်း ကလေးနဲ့
ရွှေဝါရောင် တော်လှန်ရေး
ဘယ်လို ဆက်စပ်နေသေးသလဲ
သံသရာကို မကြောက်တတ်ရင်
စစ်အာဏာရှင်
စောင့်ကြည့်ချင် ကြည့်ပေါ့
ခင်ဗျားတို့ က
သာမန်လူတွေ ထက်လည်း
အယူသည်းခဲ့တာပဲ

ကံကြမ္မာက ငါ့ကို ချန်ခဲ့လို့
ငါမှန်နေတယ်လို့ မထင်လိုက်နဲ့
အလှည့်ကျလို့ ကြမ္မာငင်ရင်
အာဏာရှင်ဆိုတာ ဘယ်လို ဇာတ်သိမ်းလည်း
သမိုင်း အထင်အရှားရှိနှင့် ခဲ့ပြီပဲ

ရဲဘော်ရေ
အများအကျိုးအတွက်မို့ အခွင့်အရေးတခု
ကံပေးလိုက်လို့ သူရလိုက်တာ
အူလိုက်အသည်းလိုက် ဝမ်းသာလိုက်ပါ
တကယ်တော့လည်း
ကိုယ်တော်တွေခေါင်းမှာ 'ဘု' ထွက်သွားတာလွဲလို့
ဘုရှိနဲ့ တွေ့ လိုက်ရတာ ဘာထူးသွားလည်း
အနစ်နစ်ဆယ်ကြာလို့ မှ
သူတို့ က အကူအညီတောင်းသူ အနေနဲ့ တွေ့ ဖြစ်ခဲ့ရင်
နောင်အနစ်နစ်ဆယ်ကြာရင်
ကိုယ်က နိုင်ငံ့ခေါင်းဆောင် အဖြစ်နဲ့ တွေ့ နိုင်အောင်ကြိုးစား
ဒါပဲမဟုတ်လား

'နိုင်ငံရေးလုပ်တယ် ဆိုတာ
ရန်သူကို မိတ်ဆွေ ဖြစ်အောင် လုပ်တာပါ"
ဒဂုန်တာရာ
အနစ်နစ်ဆယ်ကြာတဲ့ တိုင်အောင်
တစင်မကောင်း တစင်ထောင်
စိတ်တဲ့လက် မခြောက်အောင် လုပ်နေရသမို့
ရန်သူကို မိတ်ဆွေ ဖြစ်အောင်လုပ်ဖို့ အခွင့်အရေး
အခြေအနေမပေးသေးလည်း
ရန်ကုန်တော့ ဖြည်းဖြည်းပေါ့
ရန်ကုန်တော့ ဖြည်းဖြည်းပေါ့
ရန်ကုန်မြို့ ကြီး ထွက်မပြေးပါဘူး
ခရီးသည်တွေကတော့
ရောက်ခဲလွန်းလို့ ညည်းပေါ့

ယုန်ကလေးလည်း နားစေးနေတယ်
အရေးတော်ပုံကြီးလည်း နှစ်ပေါင်းနှစ်ဆယ်
ဘန်ကီမွန်းရေ
ကမဘာမြေကြီး ပူနွေးလာတယ်လား
ဟုတ်ကဲ့
ဗမာပြည်ကြီး မီးဟုန်းဟုန်းတောက်နေတာ ကြာပေါ့

'အနစ် နှစ်ဆယ် တဲ့လားဟေ့'
'ဟင့်အင်း' ဆရာ ခြောက်ဆယ့်ငါးနှစ်

‘အနှစ် နှစ်ဆယ်တဲ့လားဟေ့’
ဒီတုန်းက ဆရာ အပြင်လူတွေကို စိတ်ချ
စစ်ဆေးပြတို့ ကို သရော်သွားခဲ့ရှာပါသည်

‘အနှစ် နှစ်ဆယ်တဲ့လားဟေ့’
ဒီတုန်းက ဆရာ အပြင်လူတွေကို စိတ်ချ
စစ်ဆေးပြတို့ ဒီလောက် သက်ဆိုး ရှည်နိုင်ရိုးလားလို့
သရော်သွားခဲ့ရှာပါသည်

‘ခြောက်ဆယ့်ငါးနှစ် ထဲလား’
ကိုမင်းဇေယျာ ခင်ဗျားလည်း
အပြင်လူတွေကိုများ အားထား
စိန်ခေါ်လိုက်လေသလား

အင်းလေ
၆၅နှစ်ဆိုတာ
ရေဒီယိုထဲက အမေတယောက်ပြောသလို ပါးပါးလေးမို့
ဒင်းတို့ ဒီလောက် သက်ဆိုး ရှည်နိုင်ရိုးလား
ဒင်းတို့ ဒီလောက် သက်ဆိုး ရှည်နိုင်ရိုးလား
ဒင်းတို့ ဒီလောက် သက်ဆိုး ရှည်နိုင်ရိုးလား
‘ဘုရား ဘုရား’

အားအားရှိတိုင်း
ကိုယ့်ဆရာတို့ လည်း
ကွန်ပြူတာမမြင်ဘူးတဲ့ ပြည်သူကို
အင်တာနက်ပေါ်ကနေ
စာတစောင်ပေတဖွဲ့
ဆရာလုပ်နေရုံနဲ့
မပြီးသေးပဲ

“အဖေါ်ကောင်းရင်
ငရဲပင် ဖြစ်ပါစေ
လိုက်မယ်ချက်ချင်း
ခုသွားမယ်”
တခေတ်တခါက ထားခဲ့တဲ့စကား
ကဲ ဇာ်ဇာ်ဇာ်ဇာ် မျိုးဆက်ရေ
သမိုင်းက ပစ်ချလိုက်တဲ့
ပုခုံးထက်က တာဝန်
သင်မယူရင် ဘယ်သူကူမလည်း
သင်မထမ်းရင် ဘယ်သူလှမ်းမလည်း
မှန်မှန်ကန်ကန် ဦးဆောင်သူရှိရင်
လူဖြူနဲ့ လက်နက်ခဲယမ်းတွေ တင်ဆောင်လာတဲ့
ရေနွေးငွေ့ မီးရထားမဲမဲကြီးဘေးက
မြင်းတွေကို ကဆုန်စိုင်းစီးနင်း
ဂိုဟေးညာသံတွေချီ
တရမ်းကြမ်း လိုက်ပါတိုက်ခိုက်တတ်တဲ့
အင်ဒီးယန်းလူနီရိုင်းတွေလို
ဒို့ လူထုကြီးဟာလည်း သင့်နောက်မှာ
အသဲတယားယားခြေတကြွကြွရှိနေတယ်

ဩော်ဒါနဲ့ ဒီကဗျာ
ဖြစ်တည်မှု ပဓာနဝါဒနဲ့ ရေးဖွဲ့ တာမို့
ကဗျာဆရာမုန်းတဲ့ အထဲမှာ
ဆိုကရေးတီးနဲ့
စစ်အာဏာရှင်
ပြီးရင် သင်မပါစေချင်
အဲသလိုပဲ
ဂေါ်ဂီလိုလည်း
‘ဘောင်ဘီဝတ်မိုးတိမ်’ ကို ဖတ်ပြီး
မာယာကော့စ်စကီးပုခုံးကိုဖက်
ရှိုက်ကြီးတငင်ငိုပစ်ဖို့ လည်း မလုပ်လိုက်ပါနဲ့ ။ ။

လင်းလက်ဇာနည်
(၁၂ ဇန်နဝါရီ ၂၀၀၉)

* (မနီကဗျာ) ၂၀၀၈ ခု ဒီဇင်ဘာ ၂၈ ရက်(ကရင်နှစ်သစ်ကူးနေ့) ညနေ ၆ နာရီခန့်မှာ ညောင်လေးပင်ခရိုင် ကျောက်ကြီး မြို့နယ် မ အူပင်ရွာအနီး စောဘဲဒိုး တပ်စခန်းထိုင် နအဖ တပ် ခမရ ၃၅၀ မှ ခွဲမှူး ဗိုလ်သက်ခိုင် လက်အောက်ခံ စစ်သားတဦးက နေအိမ်၌ မှ ဒိမ်းကျင့်ပြီး သေနတ်နှင့် ပစ်သတ်ထားခဲ့ခြင်း ခံခဲ့ရတဲ့ အသက် (၇ နှစ်) အရွယ် မအူပင်ရွာသူ ကလေးငယ်။